**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
**ww.knuhq.org**

# ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးမှ ကရင်ပြည်နယ်အတွင်းတရားမဝင် ကာစီနိုလောင်းကစားမြို့သစ်တည်ဆောက်နေခြင်းများနှင့်ပတ်သက်သည့် သဘောထား ထုတ်ပြန်ချက်

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ (၂၆) ရက်နေ့

ကမ္ဘာဒီးယားနိုင်ငံ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ နှိမ်နင်းမှုများကြောင့် တိမ်းရှောင်ထွက်ပြေး လာကြသည့် နိုင်ငံခြားသားရာဇဝတ်သားများက ကရင်ပြည်နယ် မောထိုတလေးနယ်မြေတွင် တရားမဝင် လောင်းကစားလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မြို့သစ်တည်ဆောက်ရေးစီမံကိန်းများကို စီစဉ်အကောင်အထည်ဖေါ် ဆောင်ရွက်နေကြောင်း သတင်းဌာနများက ဖော်ပြကြပါသည်။

မြဝတီမြို့တောင်ဘက်၊ မောထိုတလေးနယ်မြေတွင်ရှိသောငင်း မြို့သစ်စီမံကိန်း အုပ်မြစ်ချပွဲ အခမ်းအနား အား ၂၀၂၀ ခုနှစ်၊ ဖေဖေါ်ဝါရီ (၁၇) ရက် နေ့တွင် ကျင်းပခဲ့ပါသည်။ ထိုအခန်းအနားသည် Huanya International Holding Group တွင်ပါဝင်သည့် Trans - Asia International Holding Group (Thailand) Co. Ltd နှင့် ကရင်ဒေသခံကုမ္ပဏီဖြစ်သော "မုလအိအလင်းကုမ္ပဏီလိမိတက်" တို့အကြား လုပ်ငန်းစတင် နိုင်ရေးအတွက် မြေဌားရမ်းစာချုပ် ချုပ်ဆိုခြင်း အဖြစ် ကနဦးနားလည်ကြပြီး စောရောဂျာခင် က ဒေသခံ မြေပိုင်ရှင် ပြည်သူလူထု ကိုယ်စား အသိသက်သေအဖြစ် ကိုယ်စားပြု တက်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

သို့သော် ၎င်းအခမ်းအနားတွင် ဒေသခံကုမ္ပဏီနှင့် မြေပိုင်ရှင်ပြည်သူလူထုအားအသိပေးထားခြင်းမရှိသော **"KNU နှင့် Huanya International Holdings Group အကြား ပူးပေါင်း ဆောင်ရွက်ရေးအတွက် လက်မှတ်ရေး ထိုးခြင်းနှင့် အုတ်မြစ်ချပွဲအခမ်းအနား"** ဟု ဆိုသည့် ဆိုင်းဘုတ်တင်ထားခြင်း ခံရသောကြောင့် KNU နှင့် KNU ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်၊ ကာကွယ်ရေးဌာန ဌာနမှူး တဦးဖြစ်သည့် စောရောဂျာခင် တို့အပေါ် ပြည်သူအများက အထင်အမြင်လွဲမှားမှု ဖြစ်ပေါ်လာစေပါသည်။

သို့သော် ဆောက်လုပ်ရေးလုပ်ငန်းစတင်သည့် (၆) လကာလမှစတင်၍ "မုလအိအလင်းကုမ္ပဏီလိမိတက်" သည် ထိုင်းနိုင်ငံအခြေစိုက် Trans - Asia International Holding Group (Thailand) Co. Ltd (Huanya International Holdings Group လက်အောက်ခံ)တို့အကြားအငြင်းပွားမှုများစဥ်ဆက်မပြတ်ဖြစ်ခဲ့ပြီး "မုလအိအလင်း ကုမ္ပဏီလိမိတက်" က ၂၀၂၂ ခုနှစ်တွင် စီမံကိန်းမှ နုတ်ထွက်သွားပါသည်။ ၎င်း၏ လစ်လပ်သွားသည့်နေရာတွင် နောက်ထပ်ဒေသခံကုမ္ပဏီ တခုဖြစ် သော (Trust Star Com. Ltd) က ၂၀၂၂ နှစ်ကုန်ပိုင်းတွင် အစားထိုး ဝင်ရောက် လုပ်ကိုင်လျက်ရှိပါသည်။

သို့သော် ပဒိုစောရောဂျာခင် က Huanya International Holdings Group ကို လုပ်ပိုင်ခွင့်ပေးခဲ့သည် ဟု ၂၀၂၃ ဇန်နဝါရီလ (၁၇) ရက်နေ့တွင် သတင်းဌာန တခုက ထပ်မံ ဖော်ပြခဲ့ပြန်ပါသည်။ ဤအချက်ကြောင့်လည်း KNU အပေါ် အထင်မှားအမြင်မှားမှုများ ထပ်ဆင့်ပေါ်ပေါက်လာရပြန်ပါသည်။

KNU သည် ဤသို့သောစီမံကိန်းမျိုးများနှင့် မည်သို့မျှပါဝင်ပတ်သက်ခြင်းများမရှိသလို၊ အခြားသောမည်သည့် တရားမဝင်လောင်းကစားလုပ်ငန်းများနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် အခြားသော ရာဇဝတ်မှုများနှင့်မကင်းသည့်လုပ်ငန်းများ ကရင်ပြည်နယ်အတွင်း လုပ်ဆောင်ခြင်းကို လက်မခံကြောင်း အတိအလင်း တရားဝင်ထုတ်ပြန် ကြေငြာပါသည်။

မည်သည့် KNU အစည်းအရုံးဝင် တစ်ဦးတစ်ယောက်ကို မှ ဤသို့သော ရာဇဝတ်မှုများနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်း၊ ထောက်ကူ ခြင်း စသည်တို့ကို ဖြစ်စေသည့် မည်သည့် လုပ်ရပ်မဆိုတွင် ပါဝင်ခြင်းမှ တားမြစ်ထားပါသည်။

ကရင့်မြေပေါ်တွင်ရောက်ရှိလာသည့်မည်သည့်လောင်းကစားလုပ်ငန်းများမဆိုသည် ထူးခြားဆိုးဝါးပြင်းထန်သော လူမှုဒုက္ခများကို ဆောင်ကြဉ်းပေးရန်သာရှိ ပြီး ဒေသတွင်းရာဇဝတ်မှုဖြစ်ပွားမှုနှုန်းကို တိုးတက်စေနိုင်ကြောင်းကို အခိုင်အမာယုံကြည်ပြီး ကရင်ပြည်နယ်အတွင်း တရားမဝင်ရာဇဝတ်မှုလုပ်ငန်းများနှင့် ဆက်နွယ်နေသည့် လောင်းကစားလုပ်ငန်းများ ပပျောက်ရေးကို လိုလားပါသည်။

KNU အနေဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊ တရားဥပဒေစိုးမိုးမှု ထိန်းသိမ်းရေးအဖွဲ့အစည်းများနှင့် သော်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် မည်သည့် အဖွဲ့အစည်းများနှင့်မဆို တက်ကြွစွာပူးပေါင်းကာ ကရင်ပြည်နယ်နှင့် ဒေသအတွင်း တရားမဝင်ရာဇဝတ်မှုလုပ်ငန်းများ၊ လောင်းကစားလုပ်ငန်းများ လျော့နည်းပပျောက်ရေး နှင့် ဒီမိုကရေစီဖက်ဒရယ် နိုင်ငံထူထောင်ရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ပါသည်။

ဗဟိုအလုပ်မှုဆောင်ကော်မတီ
ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်- (၁) ပဒိုစောကွယ်ထူးဝင်း (+၆၆ ၈၁၈ ၀၇၆၂၇၉)
(၂) ပဒိုစောတာဒိုမူး (+၆၆ ၆၄၆ ၄၅၉ ၁၁၃)
(၃) ပဒိုစောတာနီး (+၆၆ ၆၃၀ ၂၀၂ ၄၁၁)